

# ဇော်ဂျီ

## လူကလေးတို့ရဲ့ ဇော်ဂျီ

# လူကလေးတို့ ရဲ့
# ဇော်ဂျီ

## ထုတ်ဝေသူအမှာ

**လူကလေးတို့ ရေ ...**

ဒီစာအုပ်လေးက (ဆရာ)ဇော်ဂျီဆိုတဲ့ ကဗျာဆရာ၊ ဆရာစာရေး ဆရာကြီးတစ်ယောက်အကြောင်း စာအုပ်ဖြစ်သကွဲ့။

ကဗျာဆရာကြီး၊ စာရေးဆရာကြီးရဲ့ နာမည်က ဦးသိန်းဟန်တဲ့ ။ ကလောင်နာမည်ကျတော့ ဇော်ဂျီလို့ ပေးတယ်။ ကလောင်နာမည်ကျတော့ ဇော်ဂျီလို့ ပေးတယ်။ ကလောင်နာမည်ကို ဇော်ဂျီလို့ ပေးတာက ဇော်ဂျီရုပ်ကလေးကို သဘောကျလို့ တဲ့ ။ ရှေ့မျက်နှာဖုံးက ဇော်ဂျီရုပ်ကလေးကို ကြည့်ပါလား။ အရုပ်ကလေးက သဘောကျစရာ မကောင်းဘူးလား။

ဆရာဇော်ဂျီရဲ့ အတ္ထုပ္ပတ္တိကို သူပြောခဲ့သလို ဖော်ပြထားပါတယ်။ ငယ်ငယ်တုန်းက စာသင်ပုံ၊ ကြီးလာတဲ့ အခါ ကောလိပ်ကျောင်းတက်ပြီး အမ်အေဘွဲ့ရပုံ၊ ပြီးတော့ ဘိလပ်(အင်္ဂလန်) သွားပြီး စာသင်ပုံတွေကို ဖတ်ကြည့်ကြပါ။

သူက ကဗျာကောင်းတွေ စာကောင်းတွေ အများကြီးချန်ထားခဲ့တယ် ။ ဆရာကြီးတစ်ဦးက ဇော်ဂျီအကြောင်းကို အောက်ပါအတိုင်းရေးခဲ့တယ်။

“Zawgyi writes like an angel and has produced a delightful book. He has shown us how to write simple and charming Burmese prose.”

ဇော်ဂျီသည် နတ်သားလေးကဲ့သို့ ရေးဖွဲ့နိုင်စွမ်းရှိသည် ။ နှစ်သက်ဖွယ်စာအုပ်ကို ရေးထုတ်နိုင်ခဲ့သည် ။ ဇော်ဂျီသည် ကျွန်ုပ်တို့ အား ရိုးရှင်း၍ နှစ်လိုဖွယ် မြန်မာစကားပြေကို မည်သို့ရေးဖွဲ့ရသည် ကို လမ်းပြခဲ့ပေသည် ။

လူကလေးတို့ အနေနဲ့ ကဗျာဆရာကြီးရဲ့ ကဗျာတွေကို ဖတ်ကြပေါ့။ ရအောင် ကျက်ကြပေါ့။

လူကလေးတို့ လည်း တဖြည်းဖြည်းနဲ့ တော်တဲ့ ကဗျာဆရာကြီးတွေ ဖြစ်လာအောင်ပေါ့။

ဒီစာအုပ်လေးမှာ ပါတဲ့ ဆရာဇော်ဂျီရဲ့ အတ္ထုပ္ပတ္တိကို ဦးသန်းထွက်(ပါမောက္ခငြိမ်း) ပညာရေးတက္ကသိုလ်ရေးတဲ့ “ဇော်ဂျီ၊ မင်းသုဝဏ်တို့ ၏ စာပေစကား”က ယူထားတယ်။

ဒီစာအုပ်လေးမှာ ပါတဲ့ ဆရာဇော်ဂျီရဲ့ ကဗျာတွေ စာတွေမှာ ဟိုအရင်တုန်းက ထုတ်ခဲ့တဲ့ “ဇော်ဂျီ၏ စာ” စာအုပ်လေးထဲက စာတွေပါတယ်။ ယခုမှ ထပ်ထည့်တဲ့ စာတွေလည်း ပါတယ်။ အင်္ဂလိပ်ဘာသာပြန်တွေလည်း ထည့်ထားတယ်။ မြန်မာစာကို အင်္ဂလိပ်လိုလည်း ဖတ်ပြီး နှစ်ဘာသာကျွမ်းကျင်ကြအောင် ရည်ရွယ်တာပါ။ တချို့စာတွေမှာ တော့ အင်္ဂလိပ်ဘာသာပြန် မပါဘူး။

လူကလေးတို့ ရွှင်လန်းကြပါစေ။

ကိုတာ

၂၀-၂-၂၀၁၄

* * *

## ဇာတိ

ဆရာဇော်ဂျီသည် မြစ်ဝကျွန်းပေါ် ဖျာပုံဇာတိဖြစ်လေသည် ။ သို့ရာတွင် ဆရာ၏ မိဘမျိုးရိုးမှာ မူ အညာဇာတိများ ဖြစ်ကြောင်း ယခုကဲ့သို့ ဆရာကအမိန့်ရှိခဲ့ပါသည် ။

“ဆရာ့အဘိုး၊ ဆရာ့အဖေ၊ ဆရာ့အမေတို့ က အညာဇာတိပါ။ ပခုက္ကူ၊ ရေစကြို၊ ဆင်ဖြူကျွန်းဘက်ကနေ မြစ်ဝကျွန်းပေါ်ဘက်ကို ရေကြည်ရာမြက်နုရာ ရွှေ့လာသူတွေပါ။ အဲဒီ တုန်းက အညာကဆင်းလာသူတွေ တစ်ပုံကြီးပဲ။ ဒါကြောင့် ဖျာပုံ၊ ကျိုက်လတ်မြို့တွေမှာ ဆင်ဖြူကျွန်းလမ်းတို့ ၊ ပခုက္ကူလမ်းတို့ ဆိုပြီး ရှိကြတယ်။ အညာက တစ်မြို့တည်းသားတွေ စုနေတဲ့ နေရာကို အစွဲပြုပြီး လမ်းနာမည်တွေမှ ည့်ကြတယ်။”

## ငယ်ဘဝ

ငယ်စဉ်ကာလ ဖျာပုံမြို့တွင် ပညာရှာခဲ့ပုံ၊ ရန်ကုန်၊ မြို့မကျောင်းတွင်  ပညာဆက်လက်ဆည်းပူးပုံနှင့်ပတ်သက်၍ ဆရာဇော်ဂျီအမိန့်ရှိခဲ့ပုံမှ -

၁၉၂၃-၂၄ လောက်ကပဲ တက္ကသိုလ်မရောက်င် အဆင့်တက်ဖို့ ဆရာကြိုးစားခဲ့ရပုံလေးကို ပြောပြရဦးမယ်။ ဖျာပုံမြို့မှာ ၇ ဆင့်ထိ စာသင်ရတယ်။ ကျောင်းသားသပိတ်ဖြစ်တော့ ဖျာပုံမြို့မကျောင်းကပါ သပိတ်မှောက်တယ်။ ရန်ကုန်ကို (၇) တန်းအောင်တော့ စာသင်ဖို့ လာရတယ်။ အဲဒီ တုန်းက သရက်တောကျောင်းတိုက်မှာ နေပြီး စာသင်ရတယ်။

နိုင်ငံရေးအခြေအနေကလည်း မကောင်းဘူး။ မြန်မာပြည်ကို ဒိုင်အာခီအုပ်ချုပ်ရေးပေးတော့ ဦးမောင်ကြီးက ပညာရေးဝန်ကြီး၊ နိုင်ငံရေးမှာ

လည်း အကွဲအပြဲတွေနဲ့ ။ ဦးဘဖေတို့ က ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံလိုက်တယ်။ နေရှင်နယ်အမျိုးသားကျောင်းတွေပျက်တော့ ဆရာ (၁၀) ဆင့်အောင်ပြီ။ ကျောင်းတွေပိတ်လိုက်လို့ ဖျာပုံကျောင်းမှာ ပြန်ပြီး လုပ်အားပေးနေရတယ်။

ဆရာက ကျောင်းပြန်တက်ချင်တယ်။ အဖေက ခွင့်မပြုဘူး။ ဒါနဲ့ အမေ့ကိုကပ်ပြီး ပူဆာရတယ်။ အမေက ငွေ (၄၀) ပေးပြီး ရန်ကုန်ကို လွှတ်လိုက်တယ်။

ရန်ကုန်၊ မြို့မကျောင်းမှာ ကျောင်းအုပ်ကြီးက ဆရာ ဦးဘလွင်၊ ကျောင်းအုပ်ကြီးဆီသွား (၁၁) ဆင့်မှာ နေရဖို့ ပြောတယ်။ နေရှင်နယ်အမျိုးသားကျောင်းက (၁၀)ဆင့်ကို အသိအမှတ်မပြုဘူး။ (၁၀)ဆင့်မှာ ပဲ နေရမယ်တဲ့ ။ ဆရာကလည်း (၁၀)ဆင့်ကို အရည်အချင်းအပြည့်နဲ့ အောင်ခဲ့တာပါ။ ဆရာကြီးမယုံရင် ကြိုက်ရာ ဘာသာကိုစစ်ကြည့်ပါ။ အဖြေကိုမကြိုက်ရင် (၁၀) ဆင့်မှာ ပဲ နေပါ့မယ်။ ဆရာကြီးက ကျွန်တော့်အဖြေတွေကိုကြိုက်ရင် (၁၁)ဆင့်ထားပါလို့ ပြောလိုက်တယ်။

ဒီတော့ ဆရာကြီးက “အာဂ၊ လာတဲ့ ချာတိတ်” ပါလားကွယ်။ ကပ်ဈေးဆစ်တယ်လို့ ပြောပြီး နောက်နေ့ (၁၁)နာရီလာခဲ့လို့ မှာ တယ်။

ဆရာ့သူငယ်ချင်းတွေ ကိုနု (သခင်နု)၊ ကိုချစ်တို့ က ဆရာရုံးခန်းထဲကထွက်လာတော့ အခြေအနေကိုလည်း မေး၊ ရရမှာ ပေါ့ကွာလို့ လည်း အားပေးနဲ့ ပေါ့။ သူတို့ နဲ့ က ဘာသာချင်းလည်း မတူ ကျောင်းချင်းလည်း ကွဲနေပေမယ့် ခင်ကြတယ်။

ဒီလိုနဲ့ ၊ နောက်နေ့ ဆရာကြီးဆီသွားတော့ အင်္ဂလိပ်စာနဲ့ အတွက်(သင်္ချာ)ကို ဖြေရတယ်။ တစ်ဘာသာ တစ်နာရီစီ၊ ဖြေရတယ်။ အင်္ဂလိပ်စာဖြေပြီး (၁၀)မိနစ်နား၊ နောက် အတွက်ဖြေပေါ့။ ဖြေလို့ ပြီးသွားတော့

ဆရာကြီးထံ အဖြေစာအုပ်အပ်ရင်း "ဘယ်တော့သိရမလဲ ဆရာကြီး" လို့ မေးလိုက်တယ်။

"ဟ၊ မြန်လှချေလား၊ သိရမှာ ပေါ့ကွာ" လို့ ဆိုပြီး နောက်နေ့ (၃)နာရီကို ချိန်းလိုက်တယ်။ အဲဒီ တုန်းက ဆရာမြ (သခင်မြ)၊ ဆရာ ဦးသာခင်၊ ဆရာဘသန်း (ဝတ်လုံ ဦးဘသန်း) တို့ ဆရာဟောင်းတွေဖြစ်နေတော့ ကျောင်းမှာ ပဲနေ၊ ကျောင်းက ဘော်ဒါဆောင်မှာ ပဲ ထမင်းဝင်စားနဲ့ နောက်နေ့ကျတော့ ရုံးခန်းထဲ ဝင်သွားသွားချင်း ဆရာကြီးက "ချာတိတ်၊ ရတယ် ရတယ်၊ နက်ဖြန်ကျောင်းတက်၊ ပိုက်ဆံပေးခဲ့၊ ဘော်ဒါနေမလား၊ ဆွေမျိုးတွေ ရှိလား" လို့ မေးလိုက်တယ်။

ဒီတော့ ဆရာကလည်း ဆရာ့အစီအစဉ်ကို ပြောပြရတယ်။ ဆွေမျိုးတွေရှိပေမယ့် ဘော်ဒါနေမှ အဆင်ပြေတာမို့ ဘော်ဒါမှာ နေမယ်လို့ ဆိုပြီး ဘော်ဒါခအတွက် (၅၀)ကျပ်ကျော်ကျော် ကျတယ်။ ဆရာ့မှာ အမေပေးလိုက်တဲ့ ငွေ (၄၀)က ခရီးစရိတ်၊ စားစရိတ်နဲ့ ငွေ (၃၀)ပဲ ကျန်တော့တယ်။ ဒီတော့တစ်ခါ ဆရာကြီးကို ပိုက်ဆံ (၃၀)ပဲ ကျန်တဲ့ အကြောင်း ပြောပြရတယ်။

ဆရာကြီးက "ဘယ်ရမလဲကွ" တဲ့ ။ ဆရာလည်း ကျောင်းတက်ချင်လွန်းလို့ အဖေ့ကိုဆန့်ကျင်ပြီး အမေ့ဆီက ပိုက်ဆံတောင်းပြီး လာခဲ့ရတဲ့ အကြောင်းကို ပြောပြတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ဆရာကြီးက စိုက်ပေးပါလို့ ပြောရတာ ပေါ့။

ဆရာကြီးက "မင်း...ယုံရမလားကွ" တဲ့ ။ ဆရာကလည်း "ဒါတော့ ဆရာက ဆရာကြီးပဲ၊ ကျွန်တော်လိမ်ရင်ညာရင် ကျွန်တော့်ကို ကျောင်းထုတ်နိုင်ပါတယ်" လို့ ပြောတော့ ဆရာကြီးက "အေး...ငါ လိုတဲ့ ငွေ (၂၀)ကို စိုက်ပေးမယ်" လို့ ပြောတယ်။

အခက်ကြုံပုံက ဆရာ့မှာ ပစ္စည်းတွေသယ်ဖို့ ရွှေ့ဖို့ က စရိတ်ချန်ရဦးမှာ မဟုတ်လား။ စရိတ်ချန်ပြီး ငွေ (၂၀)ကိုပဲ ပေးနိုင်တော့မှာ ကိုပြောပြတော့ "ဈေးထပ်ဆစ်ပြန်ပြီ" လို့ ဆရာကြီးက ဆိုတယ်။ ဆရာလည်း မတတ်နိုင်တော့ဘူးလေ၊ ဆရာကြီးက ငွေ (၂၀) ကိုပဲ ယူထားလိုက်ပါတယ်။

ကျောင်းနေခွင့်ရတော့ အမေ့ဆီစာရေးပြီး အကျိုးအကြောင်းရေး၊ ငွေထပ်တောင်းရတယ်။ "အဖေက ဘာပြောသေးလဲ အမေ" လို့ မေးတော့ "ဘာမှ မပြောတော့ပါဘူး သားရယ်" လို့ စာပြန်တယ်။

ဤကား ဆရာဇော်ဂျီ မြို့မကျောင်းတွင် ပညာသင်ယူနိုင်ရန် ကြိုးစားခဲ့ရကြောင်း ဖြစ်ပါသည် ။

## ကောလိပ်၌

၁၉၂၄-၂၅ စာသင်နှစ်မှာ ဆရာ ရန်ကုန်ကောလိပ်ကို ရောက်လာတယ်။ ပဲခူးကျောင်းဆောင်မှာ နေရစဉ်က၊ ကဗျာဉာဏ်က မြူးချိန်ကိုတော့ ကဗျာတွေသိပ်ရေးဖြစ်တယ်။

"ဟံသာ့ကြေးမုံ" ဆိုတဲ့ စာစောင်ကိုရေးတယ်။ ကိုယ်ပဲ စာရေးဆရာ ။ ကိုယ်ပဲ အယ်ဒီတာလုပ်တယ်။ ည (၁၀) နာရီကျော်ရင် မီးမပေးတော့ဘူး။ ဖယောင်းတိုင်ထွန်းပြီး လက်ရေးစာစောင်ကို ရေးတယ်။ ကိုယ်ရေးတာလို့ မသိစေချင်ပေမယ့် ကိုယ့်နာမည်လေးလည်း ဖော်ထုတ်ချင်တာကိုး။ ပံသာ့ကြေးမုံမှာ "သ" ဆိုတဲ့ ကလောင်အမည်တပ်တယ်။ "ကျောင်းချစ်" ၊ "မောင်ပန်းမြိုင်" စတဲ့ ကလောင်ခွဲတွေလည်း အများကြီးရှိတယ်။

"ပုရစ်ဖူးအသင်း"ဆိုပြီး ဆရာ့လို စာပေဝါသနာပါပြီး စိတ်ကူးသစ်နဲ့ ရေးချင်တဲ့ သူတွေ တွေ့ဆုံပြီးစကားပြောကြ၊ ဆွေးနွေးကြတယ်။ အဲဒီ

အချိန်တုန်းက ကောလိပ်မဂ္ဂဇင်းဆိုတာ အင်္ဂလိပ်စာများ တယ်။ မြန်မာစာ နှစ်ရွက်သုံးရွက်ပဲပါတယ်။ ပါတဲ့ နှစ်ရွက်သုံးရွက်ကလည်း အသင်းရဲ့ ရှင်းတမ်းကို ရေးထားတာ။ ဆရာ တက္ကသိုလ်ရောက်တဲ့ နှစ်မှာ မြန်မာစာ ထူလာတာ။ ထူလာအောင်လည်း ကလောင်ခွဲအမျိုးမျိုးနဲ့ တစ်ယောက်တည်းရေးခဲ့တာပဲ။

ကောလိပ်ကျောင်းရောက်ခါစက တကောင်းဆောင်မှာ နေရတယ်။ ကျောင်းသားကလည်း ဒီလောက်မများ သေးဘူး။ ကိုစိန်တင် (သိပ္ပံမောင်ဝ)နဲ့ တစ်ဆောင်တည်း။ Row တစ်ခုတည်းမှာ နေရတယ်။ သိပ်ရင်းနှီးကြပါတယ်။ သူကအတန်းပိုကြီးတယ်။ အဲဒီ တုန်းက အခု တိုးချဲ့ဆေးရုံနေရာမှာ ကျောင်းရှိတယ်။ ကျောင်းသွားရင် ကြံတောသချႋင်းကိုဖြတ်ပြီး ဟံသာဝတီဘူတာကို သွားရတယ်။ ဘတ်(စ်)ကားလိုင်းတွေ မရှိသေးဘူး။ အင်းစိန်လော်ကယ်နဲ့ လိုက်သွား၊ ဘုရားလမ်းဘူတာဆင်းပြီး ခြေကျင်ထပ်လျှောက်ရတယ်။ တစ်ခါတလေ လော်ရီကားကြီးတွေတားစီးပြီး ကျောင်းတက်ရတယ်။

စာမေးပွဲမနီးခင် ရုပ်ရှင်ကြည့်၊ ကိုယ်ရေးချင်တာတွေ ရေး၊ ဖတ်ချင်တဲ့ စာအုပ်တွေ ဖတ်ပေါ့။ ကျောင်းတော့ မပြေးပါဘူး။ အတန်းမှန်မှန်တက်၊ စာမေးပွဲဖြေဖို့ တစ်လအလိုဆိုရင် စာကျက်၊ ဖိဖိစီးစီးကျက်တယ်။ စာမေးပွဲနီးပေမယ့် ညဥ့်နက်ရင် မီးမပေးတော့ဘူး။ ဖယောင်းတိုင်ထွန်းပြီး စာကြည့်ကြတယ်။ စာကြည့်စားပွဲကနေ အိပ်ရာလေးမြင်ပြီး အိပ်လိုက်ရရင် သိပ်ကောင်းမှာ ပဲလို့ တွေးမိတယ်။ တကယ်တမ်းကျ မအိပ်ရဲဘူး။ စာမေးပွဲပြီးမှ အိပ်မယ်လို့ အားခဲထားပေမယ့်။ စာမေးပွဲပြီးတော့ အိပ်လို့ မရတော့ဘူး။ ပျော်ကြ၊ ရွှင်ကြ၊ ဆူကြ၊ ညံကြနဲ့ ကိုး။ “အခုလို တက္ကသိုလ် ကျောင်းသားဘဝကို ပြန်တွေးတော့ ကျောင်းသားဖြစ်ချင်တယ်။ ဒါပေမယ့် စာမေးပွဲတော့ မဖြေချင်ဘူး။ စာမေးပွဲ

မဖြေဘဲအောင်တဲ့ ကျောင်းသားပေါ့။”

ဘီ-အေအောင်တော့ ဆရာ့ရည်ရွယ်ချက်က ကျောင်းဆရာ ဖြစ်ဖို့ ပါပဲ။ ဒါကြောင့် ဘီ-အေဂုဏ်ထူးတန်းကိုမတက်ဘူး။ ကိုယ်နေခဲ့တဲ့ မြို့မကျောင်းမှာ ကျောင်းဆရာဝင်လုပ်တယ်။ မြို့မကျောင်း ကျောင်းဆရာဘဝနဲ့ “စိတ္တကျော်သူနဲ့ ဝန်ကြီးပဒေသရာဇာ” အကြောင်းကို အင်္ဂလိပ်လို စာတမ်းရေးပြီး ဝိုင်၊ အမ်၊ စီ၊ အေမှာ ဖတ်တယ်။ ဒီတုန်းကထုတ်တဲ့ Evening Paper သတင်းစာမှာ စာတမ်းကိုထည့်ပြီး ဖော်ပြခံခဲ့ရတယ်။

## အမ်အေတက်ရပုံ

စာတမ်းဖော်ပြပုံရပြီး တစ်ပတ်ကျော်ကျော်ကြာတော့ တက္ကသိုလ်က အင်္ဂလိပ်စာပါမောက္ခသစ် ဆရာကြီးရုဒ် (W.W.Rhodes)က ဆရာ့စာတမ်းကို သဘောကျကြောင်း၊ ပုဂံလမ်းက သူ့နေအိမ်ကို စနေနေ့မှာ လက်ဖက်ရည်သောက်လာပါလို့ စာရေးပြီး မှာ တယ်။ ဆရာလည်း စနေ့နေ့မှာ အရောက်သွားတယ်။ ဆရာ့ကို ရုဒ်က လက်ဖက်ရည်တိုက်ပြီး၊ စာတမ်းနဲ့ ပတ်သက်ပြီး မေးတယ်။ ဆရာက မတတ်ဘဲနဲ့ ဖြီးဖြန်းရေးတယ်လို့ ထင်ဟန်တူပါရဲ့ ။ ကဗျာဆရာ ရှယ်လေး၊ ကိ၊ ဘိုင်ရွန်တို့ အကြောင်း မေးတယ်။ ဆရာနှစ်သက်ခဲ့တဲ့ ၊ ဆရာလေးစားခဲ့တဲ့ ကဗျာဆရာတွေပဲမို့လား။ ကောင်းကောင်း ပြန်ပြောပြလိုက်တယ်။ စကားပြောလို့ ကျေနပ်တော့မှ ဆရာက ပြန်မယ်နှုတ်ဆက်တော့ ရုဒ်က “ အင်္ဂလိပ်စာ ဌာနမှာ ကျူတာပေးမယ် M.A တက်ပါလို့ ” တိုက်တွန်းတယ်။ ဆရာ့ဆန္ဒကတော့ မတက်ချင်ဘူး။ ဒါနဲ့ ကျွန်တော့် ဆရာကြီးကို တိုင်ပင်ပါဦးမယ်၊ ဆရာကြီးကခွင့်ပြုရင် လုပ်မယ်လို့ ပြောပြီး ပြန်ခဲ့ရတယ်
။

တနင်္လာနေ့ရောက်တော့ မြို့မကျောင်း ကျောင်းအုပ်ဆရာကြီးကို အ

ကျိုးအကြောင်းပြောပြတယ်။ ဆရာကြီးက M.A တက်ဖို့ အားပေးတယ်။ အကူအညီလိုရင်လည်း ပေးမယ်လို့ အားပေးရင်း ကျောင်းတက်ဖို့ တိုက်တွန်းတယ်။ ဟိုခေတ်တုန်းက ဘီအေအောင်အောင်ချင်း ဆက်တက်တဲ့ မဟာဝိဇ္ဇာတန်းဆိုတာ မရှိသေးဘူး။ အမြဲတမ်းပရော်ဖက်ဆာနှစ်ယောက်က ကျေနပ်မှ သာ M.A တက်ခွင့်ရှိတယ်။

ဆရာက ရှဒ်ဆီပြန်ပြီး အကြောင်းကြားတယ်။ ဆရာကြီးရှဒ်က ဆရာကြီးဦးဖေမောင်တင်ကို အကျိုးအကြောင်း ပြောပြတယ်။ ဆရာကြီးဦးဖေမောင်တင်ကလည်း ဆရာ့ကို M.A ဆက်တက်စေချင်နေတာ။ ဒီဆရာကြီးနှစ်ယောက် ထောက်ခံမှုနှင့် တက္ကသိုလ်ပြန်ဖွင့်တော့ မြန်မာစာ ၅ ၁န မ၂၁ ဆရာဝင်လုပ်ရင်း မဟာဝိဇ္ဇာတန်း ဆက်တက်ရတယ်။ ခေါ်တုန်းကတော့ ရှဒ်ပါ။ သူတို့ နှစ်ယောက် ဆရာ့ကို အပြိုင်ခေါ်ကြတာ ။ နောက်ဆုံးတော့ ဆရာဦးဖေမောင်တင်ပဲ နိုင်သွားပါတယ်။ ရှဒ်ကပဲ ဆရာ့မြန်မာစာကို သဘောကျကြောင်း Modern Style နဲ့ ရေးဖို့ ကို အားပေးတယ်။ မဟာဝိဇ္ဇာတက်တော့ ၁၅၃၅-၃၆ ခုနှစ်မှာ ပေ့ါ။

## ပိဋကတ်တိုက်ပညာဘွဲ့

မဟာဝိဇ္ဇာအောင်ပြီးတော့ ဆရာကြီးဦးဖေမောင်တင်က မန္တလေးဥပစာကောလိပ်ကိုပြောင်းပြီး ဆရာလုပ်ခိုင်းတယ်။ ၂ နှစ်ကျော်ကျော်လုပ်ရတယ်။ ၁၉၃၇ ခုကနေ ၁၉၃၈ ခုအထိပဲ။ “မန္တလေးမှာ ရှိစဉ်က ရှဒ်ဆီကနေ ဆရာ့ဆီကို စာလာတယ်။ စကောလားရှစ်နဲ့ ပဋကတ်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ဘိလပ်မှာ သွားတက်ဖို့ စားမေးပွဲဖြေရမယ်ဆိုတဲ့ စာပဲ။ ဆရာ့မှာ အခက်အခဲ မရှိလှဘူး။ အင်္ဂလိပ်စာရယ်၊ မြန်မာစာရယ်၊ အထွေထွေရယ်လို့ ဖြေပြီး အင်တာဗျူးထိုင်ရတယ်။ အင်္ဂလိပ်စာကို ရှဒ်က စစ်တယ်။ မြန်မာစာကို ဆရာကြီး ဦးဖေမောင်တင်က စစ်တယ်။ တပ

ည့်အကြောင်း သိပြီးသားမို့ တယ်…အခက်မတွေ့လိုက်ရဘူး။”

ပိဋကတ်တိုက်မှူးဆိုတာက စာကြည့်တိုက်မှူးကို ပြောတာ။ နိုင်ငံခြားက ပြန်လာတဲ့ အခါ ဆရာဇော်ဂျီဟာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးလုပ်တယ်။ စာကြည့်တိုက်မှူးလုပ်ရင်း ကဗျာတွေရေး စာတွေရေးတာပဲ။

ဆရာဇော်ဂျီဟာ သူ့ဘဝတစ်လျှောက်လုံး တိုင်းပြည်နဲ့ လူမျိုးတိုးတက်ရာ တိုးတက်ကြောင်း စာပေပညာပြန့်ပွားရေး ပြန့်ပွားကြောင်း လုပ်တာပဲ။ ဆရာဇော်ဂျီဟာ မြန်မာမှာ အတော်ဆုံး တွေးခေါ်ပညာရှင်ကြီးတဲ့ ။ လူကလေးတို့ ဆရာဇော်ဂျီရေးသမျှ စာတွေကို ရှာဖွေဖတ်ကြပေါ့။

* * *

# မြတ်ရိတ်သမား

မနက်ခင်း၊ လူ့ဘုံလောကကြီး နိုးခါစ၊ ချိုးတွေကလည်း ကူနေတယ်။

မြက်ရိတ်တဲ့ လူတစ်ယောက်ကိုတွေ့ရတော့ သူ့အောက်မြေအပြင်က မြစိမ်းရောင် တောက်နေတယ်။ သူ့အထက် မိုးကောင်းကင်က နီလာရောင်ခြယ်ထားတယ်။ အရောင်နှစ်ရောင်ကြားမှာ ခန့်ညားလိုက်တာတဲ့ ။

ကဗျာ့အမိပ္ပာယ်က လူသာလျှင် ပဓာနဖြစ်တယ်လို့ ဆိုလိုတယ်။ မြေပြင်က လှတယ်၊ ကောင်းကင်ကလည်း လှပါတယ်။ ချိုးသံကလေးကလည်း သာယာပါတယ်။ ဒါပေမယ့် လူသားက ပိုလှတယ်လို့ ရှင်းရှင်းလေး ရေးဖွဲ့ထားတယ်။

* * *

**မြက်ရိတ်သမား**

နေစာလုံ့၍

လူ့ဘုံလောက၊ နိုးခါစတည့်

ချိုးက သံရှည်၊ တောဘွဲ့သီ၍

ဤမှာ မြေပြင်၊ မြစိမ်းဆင်လျက်

ကောင်းကင်မိုးဝယ်၊ နီလာခြယ်နှင့်

အိုဘယ့် လူသား၊ နှစ်ရောင်ကြားဝယ်

ခန့်ညားပေစွ ခန့်ပေစွ။။

ဂန္တလောက၊ ၁၉၃၅ ။

* * *

# ရှေးခေတ် ပုဂံပြည်

လူဆိုတာကတော့ ကိုယ့်တိုင်းကိုယ့်ပြည်ကို ချစ်ကြရတာ ချည်းပေါ့။ သို့သော် ကျွန်တော်တို့ ပြည်ကို ကျွန်တော်တို့ က ဘယ်လိုချစ်မှာ တုန်း။

မောင်တို့ မယ်တို့ ကြားဖူးကြရဲ့ လား။ ရှေးခေတ်က ပုဂံပြည်အကြောင်းကိုတဲ့ ။ ကြည်ညိုစရာအလွန်ကောင်းလှတဲ့ ပုဂံ။ အဲသည် ပုဂံခေတ်ကဖြင့် မြန်မာတွေ တစ်ခေတ်ထူးတဲ့ အချိန်တဲ့ ။

ဆရာဇော်ဂျီရဲ့ အမေက "တိုင်းချစ် ပြည်ချစ်စိတ်ရှိရမယ် ဆိုတာက ဟုတ်ပါပြီ။ ပုဂံကို ရောက်ဖူးရဲ့ လား။ ပုဂံကိုရောက်ဖူးမှ တိုင်းပြည်ချစ်ရမယ်ဆိုတာကို ပိုပြီးသိလာမယ်၊ နားလည်လာမယ်" လို့ ဆရာဇော်ဂျီကို ပြောဖူးတာကြောင့် အဲဒီ အသိလေးက ဆရာ့ရင်ထဲမှာ စွဲနေသတဲ့ ။ ဒီကဗျာကိုရေးဖြစ်တာဟာ အဲဒီ အသိကြောင့် ဖြစ်မှာ ပေါ့။

လူကလေးတို့ ရှေးခေတ်ပုဂံပြည်ကဗျာကို ရွတ်ဆိုပြီး ဖတ်ကြည့်ကြပါ။ အလွန်အရသာရှိပါတယ်။

* * *

**ရှေးခတ် ပုဂံပြည်**

မောင်တို့ ကြားကုန်လော့

မယ်တို့ ကြားကုန်လော့

ရှေးဖျား ပုဂံပြည်မှာ ဖြင့်

မြန်မာတစ်တွေမှာ ရတနာ ရွှေငွေအပေါင်းငဲ့ပြင်

မင်းကောင်း နော်ရထာတဲ့

မော်စရာ ဟိုတခေတ်ကိုဖြင့်

ဉာဏ်သစ်ကာ တရှင်ရှင်နဲ့

ဘဝင်မှာ အမြင်မှန်းကာပ့ါ

တမ်းတ၍ ကြည်ညိုပါ။

သြော်.... ပြေမြန်မာခေတ်ထူး

ရာဇဝင်မှာ စာတင်လို့ ကျူးခဲ့ကြ

ငထွေရူး လုံးလက်ဖယ်

ညောင်ဦးနယ် ကိုရွှေဖီး

ရွှေထီးလောင်း မင်းကျန်စစ်

ထီမထင်အောင်၊ ပြည်ခွင်ကို ချစ်ခဲ့ကြ

ရဲစစ်တပ် ခြံအရံ၊ မြန်မာနယ့်တရိုး

ရန်ထိုထိုကို၊ ရန်လိုလျှင် ချိုးခဲ့၍

မြို့ရိုးမြင့် ပြေပုဂံ၊ ရဲစစ်တပ်အပြန်မှာ ။

အောင်လံတွေ ရောင်ပြန်မြူးကာပ့ါ

တပ်ဦးမှာ တချီချီနဲ့

အောင်ရွှေစည် အောင်သံညှင်းလိုက်တော့

ပြည်တွင်းမှာ ညံဆူဆူနဲ့

ကျန်ရစ်သူ ပုဂံသားတို့ မှာ လ

အားတက်ကြမှာ ။

လာစမ်းဟဲ့ မေ့သား

အမယ်မင်း ထွားလိုက်တာ

စစ်သားကြီး လုံးလုံး၊ ဗိုလ်မှူးကြီး ရှုံးလောက်ရဲ့

ပခုံးနဲ့ လက်ပြင်၊ ကြောခြင်က သံချောင်း

တစ်နှစ်တွင်းမှာ ၊ ချက်ချင်းပဲ ပြောင်းရော့

ကောင်းလိုက်ပေ့ မေ့သား

ဤဇမ္ဗူ၊ တလူးရှားလောက်ရဲ့

မယ်ဘွားမှာ လေ

ပန်းသပြေနှင့်၊ ညောင်ရေသွန်းလောင်း

ပြည်ကြီးရှင် အနိုင်ရလို့

ငါ့သားလှ ပြန်လာကြောင်းကို

နေ့တိုင်းပဲ တောင်းရတယ်၊

အမယ် မမ

သားလှတွက်တာ၊ နောင်များ ဖြင့် ပူပါနဲ့

ပုဂံမှာ မွေး၊ ပုဂံသွေးမို့

အလေးမမူ၊ အသက်ပင်လှူခဲ့ပေါ့

ပြည်သူသက်စွန့်၊ လက်ရုံးအင် သည် တအားနဲ့

ဘယ်တိုင်းခြား ဝံ့မတုန်းတဲ့ ။

ယာလက်ရုံးငဲ့ပြင်

နှလုံးမှာ ဖြူစင်ကြယ်နဲ့

လူတွင် ကျယ် ပုဂံသားတွေတို့

ကိုယ့်အားကို ကိုယ်ယုံကိုးကာပေါ့

ကိုယ့်မျိုးဂုဏ် တစ်မာန်တက်ပေလိမ့်

ဓားထက်တဲ့ ပုဂံမှာ

မြန်မာတို့ ခေတ်ဟောင်း။

စေတီနဲ့ တန်ဆောင်း

ဆည်ချောင်းနဲ့ စပါးနှံ

ရွှေပေါက္ကံ ပြည်တကြောမှာ

ပေါချင်တိုင်း၊ ပေါတဲ့ ပြင်

ဝပြောတဲ့ သာသနာ

ခေါင်းလောင်းသံ ညံမစဲရယ်နဲ့

ပုဂံပွဲ သာလွန်းလို့

လာသူလာ သွားသူသွား

လယ်တွင်းသား ပြည်တော်သား

အသည် သား မင်းမူထမ်း

တစ်စိတ်ဝမ်း တစ်လက်ညီ

ပြည်ရေးကို ပြိုင်တူချီကြတော့

ပြည်တော်မြတ် ပွဲတင်သံ

ဘဝဂ်က ပြန်ပါရော့။

တရားငယ်မှန်

ရှင်မြတ်ကယ် ထေရ်အရဟံနဲ့

ပြေပုဂံ နော်ရထာဖုန်းငဲ့ပြင်

ပြည်လုံး ညီညာတော့

ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့

သည် မင်း သည် ပြည်ထောင်ဖြင့်

မလေးမောင် ချစ်မငြီးနိုင်ဘု

ရွှေစည်းခုံ ခြေတော်ရင်းဆီက

ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်

ညွှင်းဆိုခဲ့ကြောင်း။။။

**ကန္တလောက၊ အတွဲ (၂၂)၊ အမှတ် (၁၃၆)၊ မေ ၁၉၃၆။**

* * *

# တို့ တိုင်းပြည်

မြန်မာတွေ နိုးကြပါလော့ ထကြပါလော့တဲ့ ။

ကျွန်တော်တို့ မြန်မာတွေမှာ စေတီတွေလည်း ပေါပါတယ်။ စပါးတွေလည်း ပေါပါတယ်။ ဒါပေတဲ့ ကျွန်တော်တို့ ဝမ်းတောင်မဝပါဘူး။ ဆွမ်းတော်တောင် မတင်နိုင်ပါဘူး။ ညှိုးငယ်နေကြရပါပြီ။

ကျွန်တော်တို့ မြန်မာတွေမှာ မြစ်၊ ချောင်း၊ ကန်လည်း ပေါပါတယ်။ အသီးအနှံတွေလည်း ဖြစ်ထွန်းပါတယ်။ ဒါပေတဲ့ ကျွန်တော်တို့ ဆင်းရဲကြတော့ မြင်သာမြင်ရ မစားရကြလို့ ပြိတ္တာတွေလို ဖြစ်နေပါပြီ။

ကျွန်တော်တို့ အားမလျှော့ဘဲ လုံ့လမလျှော့ဘဲ စွမ်းကြမယ် ဆောင်ကြမယ်။ ဒီမြေ ဒီရွာဟာ ကျွန်တော်တို့ မြေ ကျွန်တော်တို့ ရွာ။ ကျွန်တော်တို့ တာဝန်ကျေကြမယ်။ ဉာဏ်ကရှေ့ဆောင်မယ်။ တစိတ်တည်း တဝမ်းတည်း ညီကြမယ်တဲ့ ။

မြန်မာတွေကို နိုးကြစေချင်လို့ ထကြွစေချင်လို့ တပ်လှန့်ထားတဲ့ ကဗျာပါ။

* * *

## တို့ တိုင်းပြည်

ထလော့မြန်မာ၊ အိုမြန်မာတို့

တို့ ရွာ တို့ မြေ၊ တို့ ရွာမြေဝယ်

စေတီ စပါး၊ များ လည်း များ ၏ ။

များ ပါလေလည်း တမွဲမွဲနှင့်

ဆင်းရဲကာသာ၊ ကာလကြာလျှင်

ယာစကာမျိုး၊ တညှိုးညှိုးနှင့်

ပုထိုးမြင့်မောင်း၊ ကျောင်းကြိုကျောင်းကြား

လှည့်လည်သွားလျက်

မစားလေရ၊ ဝမ်းမဝ၍

ဆွမ်းမှုမတင်နိုင် ရှိမည်တည်း။

ထလော့မြန်မာ၊ အိုမြန်မာတို့

တို့ ရွာ တို့ မြေ၊ တို့ ရွာမြေဝယ်

ရေချိုသောက်ရန်၊ မြစ်ချောင်းကန်နှင့်

သီးနှံချိုပျား၊ များ လည်း များ ၏

များ ပါလေလည်း ၊ တမွဲမွဲနှင့်

ဆင်းရဲကာသာ၊ ကာလကြာလျှင်

မြင်သာမြင်ရ၊ မစားရ၍

တောကပြိတ္တာ ဖြစ်မည်တည်း။

ထလော့မြန်မာ၊ မြန်မာထလော့

အားမပျော့နှင့်၊ မလျှော့လုံ့လ

သူကစ၍၊ ငါကအားလုံး

လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်

စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့

ဤမြေ ဤရွာ၊ ဘယ်သူ့ရွာလဲ

ဤယာစပါး၊ ဘယ်သူ့စပါးလဲ

ထားလော့ တာဝန်၊ ပွန်းလော့ လုပ်ငန်း

ဉာဏ်ရှေ့ပန်း၍

တစ်ဝမ်းတစ်စိတ် ညီစေသတည်း။။

**ကြီးပွားရေးမဂ္ဂဇင်း၊ အတွဲ (၃)၊ အမှတ် (၁၁)၊ ဩဂုတ် ၁၉၃၅ ။**

* * *